## ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ နေပြည်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကျင်းပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်

၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း နေပြည်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကျင်းပပြုလုပ်သော အကြံပြုဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများအား ပူးတွဲ ဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၈)ရပ် အဖြစ်ခွဲ၍ စုစည်းဖော်ပြအပ်ပါသည်။ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု၊ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ သယ်ယူ ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေး။

***မှတ်ချက်။ ။ လက်သည်းကွင်းတွင်ဖော်ပြထားသော (၃)၊ (၆) စသည်တို့သည် အကြောင်းအရာတစ်ခုအား ပုဂ္ဂိုလ်အသီးသီးမှ အကြံပြုဆွေးနွေးပွဲအတွင်း ဆွေးနွေးခဲ့သည့် အကြိမ်အားဖော်ပြထားခြင်းဖြစ်သည်။***

**ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု**

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် သဘာဝပတ်ဝန်းကျင်၊ လူမှုစီးပွားရေးအခြေအနေ၊ ယဉ်ကျေးမှုနှင့် ဘာသာတရားကို ထိခိုက်စေနိုင်သောလုပ်ငန်းများအား မလုပ်ဆောင်သင့်ပါ။ (၂)
- အကောင်အထည်ဖော်မည့် အစီအစဉ်များသည် အစိုးရ၏ မူဝါဒနှင့်ကိုက်ညီမှုရှိရန်လိုအပ်သည်။
- ကမ္ဘာ့ဘဏ် အုပ်စုမှလုပ်ဆောင်မည့်လုပ်ငန်းများသည် ရေရှည်တည်မြဲအောင်ထိန်းသိမ်းရေး နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကိုဦးစားပေးဆောင်ရွက်ပါ။
- နိုင်ငံရေးအကူးအပြောင်းကာလ ညင်သာမှုရှိရေး နှင့် စျေးကွက်ဖွံ့ဖြိုးရေး (capital market development) ကို မလုပ်ဆောင်သင့်ပါ။
- ကျေးလက်ဒေသ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်သင့်သည်။ စီမံကိန်းအကောင် အထည်မဖော်မီ ကျေးလက်လူထု၏လိုအပ်ချက်ကိုစဉ်းစားသင့်သည်။
- တင်ပြချက်များ ရှင်းလင်းလွယ်ကူမှုရှိစေရန် ဂရပ်များ၊ ပုံများ နှင့် အဓိကဆိုလိုရင်းများကို အနှစ်ချုပ် စီစဉ် ပေးသင့်ပါသည်။

**စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကိုအကူအညီပေးသင့်သည်။ (၄)

- လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကူပြောင်းရေးကို အကူအညီပေးသင့်သည်။ စက်မှုလယ်ယာစနစ်ကြောင့် စိုက်ပျိုးရေးထွက်ကုန်များတိုးမြှင့်ထုတ်လုပ်လာနိုင်ပေမည်။ အကျိုးဆက်အနေဖြင့် သိုလှောင်စနစ်များ၊ ထုပ်ပိုးမှုစနစ်များလိုအပ်ချက်ကို အကူအညီပေးသင့်သည်။ ၎င်းအပြင် ကုန်ကြမ်းများအား ကုန်ချောဖြစ်အောင်ပြုလုပ်သည့် နည်းပညာအကူအညီများလိုအပ်သည်။
- သီးနှံအားလုံးအတွက် အာမခံပေးရန်လိုအပ်သည်။ (၂)
- နည်းပညာအကူအညီပံ့ပိုးပေးခြင်း(ပိုးသတ်ဆေးများအသုံးပြုခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာများ)
- အခြေခံလူတန်းစားများအတွက် ငွေကြေးအထောက်အပံ့ပေးခြင်း
- မြေယာအငြင်းပွားမှုများကို ကာကွယ်ရန် ထိရောက်သော Land Use Policy နှင့် လယ်သမားအချင်းချင်း ပူးပေါင်းလုပ်ကိုင်မှုရှိရန်လိုအပ်သည်။
- ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးနိုင်ရန်ကူညီသင့်သည်။

**ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး**

- FDI ကိုဖိတ်ခေါ်လိုသော်လည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အများစုမှာ နိုင်ငံခြားရင်းနှီးမြုပ်နှံသူများနှင့် ယှဉ်ပြိုင်နိုင်ရန် စွမ်းရည်မရှိကြပါ။ FDI ကို သဘာဝသံယံဇာတထုတ်ဖော်ခြင်းတွင်အားမပေးဘဲ အခြားကဏ္ဍများတွင်ရင်းနှီးမြုပ်နှံမှုပြုကြရန်ဖိတ်ခေါ်လိုသည်။
- ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် SME ဖွံ့ဖြိုးတိုးတက်ရန်အလွန်အရေးကြီးသည်။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြန်မာအား သွင်းကုန် သို့မဟုတ် ထုတ်ကုန်အနက် မည်သည်ကို ဦးစားပေးသင့်ကြောင်းအကြံဉာဏ်များပေးသင့်သည်။
- Mobile Banking စနစ်တိုးတက်တိုးတက်ရေးအတွက် နည်းပညာအကူအညီ၊ ငွေကြေးအကူအညီများပေးသင့်သည်။ ယင်းအထောက်အပံများသည်လည်း အစိုးရ၏ ငွေကြေးမူဝါဒနှင့်ကိုက်ညီရန်လိုအပ်သည်။
- မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသောစီးပွားရေးမှ စက်မှုနိုင်ငံအဖြစ်သို့ကူးပြောင်းရန် လိုအပ်သည်။ သတ္တုကဏ္ဍတိုးတက်ရေးကိုလည်း ချန်မထားသင့်ပေ။ သတ္တုကဏ္ဍတိုးတက်မှ အခြားစက်မှုကဏ္ဍများလည်းတိုးတက်လာမည် ဖြစ်ပေသည်။ ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် သတ္တုကဏ္ဍတိုးတက်ရေးအတွက်အကူအညီပေးသင့်သည်။
- သတ္တုကဏ္ဍသည် အရင်းအနှီးမြောက်များစွာ ရင်းနှီးရန်လိုအပ်သည်။ဤကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများမရှိသည်ကိုတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့၏ စည်းမျဉ်း စည်းကမ်းများသည် နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီခြင်းမရှိသောကြောင့် ဖြစ်သည်။ သတ္တုကဏ္ဍနှင့်ပတ်သက်၍ ဥပဒေများပြင်ဆင်ရန်ကြိုးပမ်းနေပါသည်။ ဥပဒေမူကြမ်းကို လွှတ်တော် ၂ ရပ်လုံးတွင်ဆွေးနွေးထားပြီးဖြစ်သည်။ မကြာမီတွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသွားမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မိမိတို့အားအကြံဉာဏ်များပေးခဲ့သည့်အတွက် များစွာကျေးဇူးတင်မိပါသည်။ ဆက်လက်၍ Mining Regulation ပြင်ဆင်ရာတွင်လည်း လိုအပ်သောထောက်ပံ့မှုများပေးရန် တောင်းဆိုပါသည်။
- FDI ကိုအားပေးသင့်သည်။ အဘယ်ကြောင့်ဆိုသော် ကိုရီးယားနိုင်ငံသည် FDI ကြောင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့သည်။
- FDI ကို သဘာဝပတ်ဝန်းကျင် နှင့် လူမှုဘဝကို ထိခိုက်ခြင်းမရှိသော ရင်းနှီးမြုပ်နှံမှုကိုသာ လက်ခံသင့်ပါသည်။
- FDI သည်အရေးကြီးသော်လည်း နှစ်အနည်းငယ်အတွင်း FDI ကိုဦးစားပေး မဆောင်ရွက်သင့်ပါ။
- အလုပ်အကိုင်ဖန်တီးရန် အကူအညီများလိုအပ်သည်။ ကာလရှည်ဖွံ့ဖြိုးတိုးတက်ရန် မည်ကဲ့သို့သောအလုပ်မျိုးကိုဖန်တီးသင့်ကြောင်းစဉ်းစားရန်လိုအပ်ပါသည်။ အလယ်အလတ်တန်းရောက်အောင် မည်ကဲ့သို့လုပ်မည်နည်း။ ဤပန်းတိုင်သို့ရောက်ရန် ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးရေးမိတ်ဖက်များအား ဖိတ်ခေါ်ပြီး ပူးပေါင်းလုပ်ဆောင်သင့်သည်။
- ကမ္ဘာ့ဘဏ်အနေဖြင့် ငွေကြေးအရင်းအနှီး လက်လှမ်းမှီနိုင်မှုရှိအောင်ဆောင်ရွက်ပေးသင့်သည်။ ဆင်းရဲနွမ်းပါးသူများသည် ရရှိလာသောငွေကြေးများအား မည်ကဲ့သို့စီမံခန့်ခွဲရမည်ကို မသိရှိကြောင်း သတိချပ်သင့်သည်။

**ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေး**

- ကမ္ဘာ့ဘဏ်အုပ်စု၏ ဦးစားပေးကဏ္ဍတွင် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍကို ဦးစားပေးအဖြစ်ထည့်သွင်းစေချင်သည်။ လွန်ခဲ့သော နှစ်နှစ် သုံးနှစ်အတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသည် လျင်မြန်စွာတိုးတက်လာခဲ့သည်။ ယမန် နှစ်က နိုင်ငံခြားခရီးသွား ၂.၄ သန်းဝင်ရောက်လည်ပတ်ခဲ့သည်။ ယခုနှစ်တွင် ၃ သန်းလာရောက်မည်ဟု ခန့်မှန်းထားပြီး ၂၀၁၅ ခုနှစ်တွင် ၅ သန်းလာရောက်ရန်ခန့်မှန်းထားသည်။ ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ဟိုတယ်အခြေခံအဆောက်အအုံများနှင့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရန် အကူအညီပေးသင့်သည်။ မြန်မာနိုင်ငံသည် ယခုအချိန်တွင် လည်ပတ်ရန်အကောင်းဆုံးနေရာတစ်ခုအဖြစ် သတ်မှတ်ခြင်းခံထားရသည်။ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြုပ်နှံပါက ဟိုတယ်နှင့်ဆက်နွယ်သောအလုပ်အကိုင်များ၊

စားသောက်ဆိုင်များ၊ သယ်ယူပို့ ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာအလုပ်အကိုင်များ တိုးတက်လာနိုင်ပြီး ငွေကြေးများသည် လူထုဆီသို့ တိုက်ရိုက် ရောက်ရှိသွားစေမည့် နည်းလမ်းလည်းဖြစ်ကြောင်းတင်ပြအပ်ပါသည်။

- နယ်စပ်ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် စသည့်ဒေသများတွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုး တက်အောင်အကူအညီပေးသင့်သည်။

**ပညာရေး**

- မြန်မာနိုင်ငံတွင် လူသားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် အကူအညီလိုအပ်သည်။ (၂) အစိုးရဌာန၊ ပုဂ္ဂလိကက***ဏ္ဍာ***နှင့် ရပ်ရွာအဆင့်အားလုံး မြင့်တင်ပေးရန်လိုအပ်သည်။
- အဆင့်မြင့်ပညာရေးအပြင် အခြေခံပညာရေးတိုးတက်ရေးကိုလည်းအကူအညီပေးသင့်သည်။ မိမိတို့သည် အစမ်းသပ်ခံပညာရေး၏ သားကောင်များဖြစ်ခဲ့သည်။ လုပ်ငန်းဈေးကွက်အတွက် ကိုက်ညီသော ကျွမ်းကျင်မှုများမရရှိခဲ့ပေ။ ထို့ကြောင့် ကျွမ်းကျင်လုပ်သားများနည်းပါးခဲ့သည်။ ထို့ကြောင့် အခြေခံပညာရေး အပြင်အဆင့်မြင့်ပညာတိုးတက်ရေးပါ အကူအညီပေးသင့်သည်။
- မြန်မာ့စာရင်းကိုင်ကောင်စီသည် မြန်မာနိုင်ငံအတွက် စာရင်းကိုင်စံနှုန်းများ နှင့် စာရင်းကိုင်သင်ရိုးများရေးဆွဲရန် ကြိုးပမ်းနေပါ သည်။ ACCA နှင့် အခြားသောစာရင်းအင်း အဖွဲ့ကြီးများနှင့်တွေ့ဆုံမှုများရှိသော်လည်း ယခုထက်ပို၍ ထိတွေ့ဆက်ဆံရန်လိုအပ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် စာရင်း အင်းက***ဏ္ဍာ***တိုးတက်ဖွံ့ဖြိုးလာအောင် အကူအညီပေးသင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ကမ္ဘာ့အဆင့်မီပညာရေးစနစ်တည်ဆောက်ပေးရန် အရင်းအမြစ်များနှင့် ကျွမ်းကျင်မှု များအကူအညီပေးသင့်သည်။

***ကျန်းမာရေး***

- ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးအာမခံရရှိရေးသည် အလွန်အရေးကြီးသည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံစနစ်ပေါ်ပေါက်လာစေရန် အကူအညီပေးသင့်သည်။ (၂) ကျန်းမာရေးအတွက် အဆင့်မီသော၊ လက်လှမ်းမီနိုင်သော၊ ဈေးနှုန်းချိုသာသော ကျန်းမာရေးဝန်ဆောင်မှုလိုအပ်သည်။
- သင့်တင့်မျှတသော အဟာရနှင့်ပတ်သက်သောသင်တန်းများ ပေးရန်လိုအပ်သည်။ အချို့နိုင်ငံများတွင် ဆိုင်များ***၌***စားသောက်ပြီးပါက ပြေစာတွင် ထိုပုဂ္ဂိုလ် ကယ်လိုရီမည်မျှစားသုံးထားကြောင်းဖော်ပြထားသည်။
- ပြည်သူ့ကျန်းမားရေးအတွက် အကူအညီပေးသင့်သည်။

**လျှပ်စစ်**

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် လျှပ်စစ်တိုးမြှင့်ထုတ်လုပ်နိုင်ရန်အကူအညီများပေးသင့်သည်။ (၃)

**သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး**

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများဖွံ့ဖြိုးရန် အကူအညီပေးသင့်သည်။ (၃)
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကိုဦးစားပေးမဆောင်ရွက်သင့်ပါ။

## တက်ရောက်လာသောပုဂ္ဂိုလ်များ၏အမည်စာရင်း

| **အမည်** | **အဖွဲ့အစည်း** |
|---|---|
| ဒေါ်နွယ်နီစိုး | Myanmar Microfinance Supervisory |

| | |
|---|---|
| | Enterprise |
| ဒေါ်လဲ့လဲ့စိုး | Budget Department |
| ဦးဉာဏ်ဝင်းမောင် | Ministry of Cooperation |
| ဦးငွေဇင် | |
| ဦးကိုကိုဦး | Budget Department |
| ဒေါ်ကြည်ရင် | Office of the Auditor General |
| ဦးကျော်ကျော် | Myanmar Economic Bank |
| ဦးဌေးဝင်း | MOHT |
| ဒေါ်ဆွေဆွေဝင်းရှိန် | Budget Department |
| ဦးကိုကိုလွင် | Ministry of Mine |
| ဒေါ်နော်ကေဇာ | Budget Department |
| ဒေါ်သွယ်သွယ်တိုး | Budget Department |
| ဒေါ်သွယ်သွယ်ဇင် | Budget Department |
| ဒေါ်ခိုင်နွယ်လင်း | Road Transport |
| ဒေါ်မြနှင်းဝေပွင့် | Budget Department |
| ဒေါ်ယဉ်မင်းထွေး | Budget Department |
| ဦးအောင်မျိုးသန်း | Budget Department |
| ဦးအောင်မင်းဦး | Budget Department |
| ဦးနန်းအောင် | Budget Department |
| ဒေါ်သီတာထွန်း | Budget Department |
| ဦးတင်လှိုင် | Office of the Auditor General |
| ဦးဝေသန်း | Myanmar Microfinance Supervisory Enterprise |
| ဦးကိုကိုမောင် | Myanmar Microfinance Supervisory Enterprise |
| နော်စီဘလူး | Ministry of Border Affairs |
| ဒေါ်အေးအိဖြူ | Ministry of Border Affairs |
| ဒေါ်လွင်လွင်နိုင် | Budget Department |
| ဒေါ်ဂါဂါထွန်း | Budget Department |
| ဒေါ်ပပဝင်း | |
| ဦးစိန်လွင် | |
| ဒေါ်မြင့်ဝင်းကြည် | CO OP |
| ဦးစိန်လင်း | DEB (2) |
| ဒေါ်နီနီဆွေ | Budget Department |
| ဒေါ်မြမြဦး | |
| ဦးတင်လှိုင်ရွှေ | IRD |
| ဒေါ်အေးစန္ဒာကျော် | IRD |
| ဒေါ်တင်တင်အုန်း | Budget Department |
| ဒေါ်စီစီပြုံး | Budget Department |
| ဒေါ်ခင်လေးမြင့် | Budget Department |
| ဒေါ်ဖြူဖြူသန့် | Forest Department |

| | |
|---|---|
| ဒေါ်နွယ်နွယ်ဝင်း | Budget Department |
| ဒေါ်စန်းစန်းဦး | Budget Department |
| ဒေါ်လင်းလင်းငယ် | Budget Department |
| ဦးကျော်သက် | Department of Mines |
| ဦးခင်အောင် | MOE, DBE 2 |
| ဦးထွန်းထွန်းနိုင် | FERD |
| ဦးခင်မောင်ဝင်း | Pension |
| ဦးထွန်ဇော် | FERD |